

# ရှိထားသင့်တဲ့ Android app များ

Android Market ထဲမှာ app ပေါင်း ၄၀,၀၀၀ ကျော်လောက်ရှိနေပေမယ့် ကိုယ့်အတွက်တော့ အားလုံးကို လိုအပ်ချင်မှ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီထဲကမှ မရှိမဖြစ်လို့ ဆိုနိုင်လောက်တဲ့ app ၁၀ မျိုးကို ဖော်ပြပေးချင်ပါတယ်။ အခုဖော်ပြပေးထားတဲ့ app တွေအားလုံးက အခမဲ့တွေဖြစ်ပေမယ့် ပိုပြီးစွမ်းအားပြည့်လုပ်ဆောင်ပေးနိုင်မယ့် paid version တွေလည်း ရှိနေပါသေးတယ်။ ဒါကြောင့် ဒီထက် ပိုကောင်းတာ လိုချင်ရင်လည်း ရွေးချယ်လို့ရနိုင်မှာပါ။




## Andy.DO (free)

Androd market ထဲမှာ task manager နဲ့ to-do list တွေ အများကြီး ရှိပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ Andy.Do ကတော့ ထိပ်ဆုံးကပါပဲ။ ခေါင်းထဲမှာပေါ်လာတဲ့ အလုပ်ပေါင်းစုံကို ထည့်ထားနိုင်ပြီး မတူညီတဲ့ folder တွေ၊ ဒါမှမဟုတ် နေ့တွေထဲကို အလွယ်တကူပဲ ပြောင်းထည့်စေနိုင်မှာလည်း ဖြစ်ပါတယ်။ Chrome ၊ web နဲ့ iPhone တို့အတွက်လည်း သီးသန့် version တွေ ရနိုင်ပါတယ်။




## Dolphin Browser HD (free)

Android မှာ ပါတဲ့ web browser က ဘာမှ ဆိုးဆိုးရွားရွားဖြစ်မနေပါဘူး။ ဒါပေမဲ့ Dolphin Browser HD ကတော့ ပိုကောင်းပါတယ်။ Custom gesture တွေကို set လုပ်ထားနိုင်ပြီး Google bookmark တွေနဲ့လည်း sync လုပ်နိုင်တဲ့အပြင် plug-in တွေလည်း အများကြီး ထောက်ပံ့ပေးပါတယ်။ Tab တွေကို create လုပ်ပေးနိုင်ပါတယ်။




## EverPaper (free)

Webpage တွေကို scrape လုပ်ပြီး download လုပ်ကာသိမ်းထားပေးပြီး နောက်တော့မှ web ပေါ်မှာပဲဖြစ်ဖြစ် mobile ပေါ်မှာပဲဖြစ်ဖြစ် ပြန်ဖတ်လို့ရစေနိုင်တဲ့ Instapaper ကိုတော့ သိပြီးသားဖြစ်မှာပါ။ Android အတွက်က Instapaper လို app ကတော့ EverPaper ပဲ ဖြစ်ပါတယ်။ Web ကို browse လုပ်နေတုန်း ဘယ်အရာကိုမဆို အလိုအလျောက် download ဆွဲပြီး app ထဲမှာ မှတ်ထားပေးနိုင်ပါတယ်။




## DoubleTwist (free)

Android phone ကနေ iTunes ကို playlist တွေ music file တွေ sync လုပ်လို့ရနိုင်ဖို့ဆိုရင် DoubleTwist လိုပါတယ်။ သူ့ကို PC နဲ့ phone က install လုပ်ပါ။ ပြီးရင်တော့ iTunes playlist တွေကို မိနစ်အနည်းငယ်အတွင်း access လုပ်လို့ရနိုင်ပါပြီ။




## Kindle for Android 2.0 (Free)

Amazon က Kindle တွေ အများကြီးရောင်းပေမယ့် သူတကယ်လုပ်ချင်တာက Kindle book တွေကို iPad ၊ iPhone နဲ့ Android တို့လို ပစ္စည်းတိုင်းပေါ်ရောက်စေဖို့ပဲ ဖြစ်ပါတယ်။ Kindle for Android က စာအုပ်တွေရဲ့ ရောင်စုံအဖုံးတွေကို ပြသပေးနိုင်ပြီး location ကိုလည်း ပစ္စည်းကတစ်ဆင့် မှတ်ထားနိုင်ပါတယ်။ ဖတ်နိုင်လောက်တဲ့ အမြင့်ဆုံး brightness ကိုလည်း ညှိနိုင်စေပြီး newspaper နဲ့ magazine တွေကိုလည်း support လုပ်ပေးထားပါသေးတယ်။ Kindle account နဲ့ Android phone ရှိမှသုံးလို့ရမှာပါ။




## NewsRob (Free)

Google Reader ကိုလည်း သုံးဖူးပေမယ့် RSS feed တွေထဲက လိုချင်တဲ့အချက်အလက်တွေကို မြန်မြန်ဆန်ဆန်ရှာဖွေနိုင်တဲ့ NewsRob ကို ပိုကြိုက်ပါတယ်။ Interface ကလည်း ရှင်းလင်းပြီး click အနည်းငယ်နဲ့တင် story တွေကို email ၊ twitter account ၊ EverNote နဲ့ Instapaper စတာတွေထဲ ပို့လို့ရပါတယ်။




## Dropbox (free)

Cloud က အနာဂတ်ဖြစ်တယ်လို့ လူတိုင်းကပြောကြပေမယ့် Dropbox ကတော့ ခုချိန်မှာလည်း cloud ဘာလုပ်ပေးနိုင်တယ်ဆိုတာကို ပြသထားတာပဲ ဖြစ်ပါတယ်။ Online storage folder အဖြစ် Dropbox ကိုထားလိုက်ပြီး နေရာတကာကနေ access လုပ်လို့ရတာကြောင့် အလုပ်တွေကို အိမ်ယူလုပ်ဖို့ email ထဲကို file တွေအများကြီး upload လုပ်ရတဲ့ဒုက္ခကနေ သက်သာသွားပါတယ်။ Android အတွက် Dropbox ကိုသုံးပြီး phone ကနေ folder ကို access လုပ်နိုင်မှာပါ။ Account လုပ်ထားဖို့သာ လိုပါတယ်။




## Google Voice (free)

Google Voice ဆီကို မဖြေလိုက်ရတဲ့ခေါ်ဆိုမှုတွေကို forward လုပ်ပေးလို့ရပြီး တခြားလုပ်ဆောင်ချက်အချို့ကိုလည်း အခမဲ့လုပ်နိုင်ပါသေးတယ်။ Google Voice ကိုဖွင့်လိုက်ရင် transcript message တွေကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီ message တွေကို voicemail ဆီ dial ပြန်မလုပ်ဘဲ ပြန်ဖွင့်နားထောင်နိုင်ပါတယ်။ Transcription လုပ်ဖို့က နည်းနည်းကြာတတ်ပေမယ့် screen call တွေလုပ်နိုင်တာကြောင့် စောင့်ရကျိုးနပ်ပါတယ်။ ■